# ရခိုင်ပြည်နယ်အဆင့် ကဏ္ဍပေါင်းစုံပါဝင်သော အာဟာရဖွံ့ဖြိုးမှုဆိုင်ရာငါးနှစ်စီမံကိန်းအားပြည်နယ်အစိုးရအဖွဲ့သို့ အသိပေးတင်ပြခြင်းနှင့်အလုပ်ရုံဆွေးနွေးပွဲ အတွက်ကနဦးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်ဝန်ချုပ်ကြီးမှ ပြောကြားမည့်အဖွင့်မိန့်ခွန်း

ယနေ့ကျင်းပတဲ့ အခမ်းအနားသို့ ကြွရောက်လာကြသော ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်း ဆက်သလိုက်ပါတယ်။

ရှေးဦးစွာ ရခိုင်ပြည်နယ်ရဲ့ အာဟာရကဏ္ဍကို ဖွံ့ဖြိုးတိုးတက်စေဖို့ ရည်ရွယ်တဲ့ ပြည်နယ်အဆင့် ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသား အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ငါးနှစ်စီမံကိန်းရေးဆွဲနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲအတွက် ကနဦးလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယခုလို ကျင်းပဖြစ်တဲ့အတွက် အထူးပင် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူကြောင်း ဦးစွာ ပြောကြားလိုပါတယ်။

ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်ဖို့အတွက် အာဟာရဟာ အရေးကြီးတဲ့ အခြေခံအုတ်မြစ်ဖြစ်ကြောင်း ကောင်းစွာသဘောပေါက် နားလည် ကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။

အာဟာရချို့တဲ့ခြင်းဟာ ယခုလက်ရှိ ရခိုင်ပြည်နယ်မှာ စိန်ခေါ်မှုကြီးမားတဲ့ ပြည်သူ့ကျန်းမာရေးပြဿနာတစ်ခု ဖြစ်နေပါတယ်။ (၂၀၁၅–၂၀၁၆) ခုနှစ်မှာဆောင်ရွက်ခဲ့တဲ့ Myanmar Demographic and Health Survey စစ်တမ်းအရနဲ့ ၂၀၁၇–၂၀၁၈ခုနှစ်၊ မြန်မာနိုင်ငံအဏုအာဟာရနှင့်အစာစားသုံးမှုအခြေအနေ လေ့လာရေးစစ်တမ်းအရလည်း ရခိုင်ပြည်နယ်ရဲ့ အာဟာရအခြေအနေဟာ အဆိုးဆုံး တိုင်းနဲ့ပြည်နယ်(၅)ခုထဲမှာ ပါဝင်လျှက်ရှိပါတယ်။

ဒီထုတ်ပြန်ချက်များအရ ရခိုင်ပြည်နယ်အတွက် အာဟာရဖွံ့ဖြိုးမှုကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ဖို့ အရေးတကြီးလိုအပ်လျှက်ရှိကြောင်း များစွာထင်ရှားပါတယ်။

၂၀၁၇–ခုနှစ်၊ ဇန်နဝါရီလ(၂၅)ရက်နေ့၊ မကွေးတိုင်း ဒေသကြီး၊ ပခုက္ကူမြို့နယ်မှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ဦးဆောင်ကျင်းပတဲ့ အမျိုးသားအာဟာရဆိုင်ရာ မဟာဗျူဟာနဲ့ပတ်သက်လို့ ဝန်ကြီးဌာနများအကြား ညှိနှိုင်းအစည်းအဝေးမှာ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက Focal အဖြစ် တာဝန်ယူဆောင်ရွက်ရန်နှင့် အာဟာရရဲ့

နီးနွယ်ဆက်နေတဲ့ ပညာရေးဝန်ကြီးဌာန၊ လူမှုရေးဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် လမ်းညွှန်ချက်များ ချမှတ်ခဲ့ပါတယ်။

အဆိုပါလမ်းညွှန်ချက်အရ ဆက်စပ်ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများပါဝင်တဲ့ မြန်မာနိုင်ငံအာဟာရဖွံ့ဖြိုးမှုမြှင့်တင်ရေး အမျိုးသားအဆင့်ဦးဆောင်ကော်မတီအား ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ပါတယ်။

ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသား အာဟာရဖွံ့ဖြိုးမှုဆိုင်ရာငါးနှစ်စီမံကိန်း (Multi-sectoral National Plan of Action on Nutrition)ကို မြန်မာနိုင်ငံ၏ အာဟာရချို့တဲ့မှုပြဿနာများအား ထိရောက်စွာ ဖြေရှင်းနိုင်ရန် မူဝါဒဆိုင်ရာ အဆင့်မြင့်ဆုံးလမ်းညွှန်ချက်နဲ့ ၂၀၁၈-ခုနှစ်၊ ဇူလိုင်လတွင် ဆက်စပ်ဝန်ကြီးဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် အတူတကွ ပူးပေါင်းရေးဆွဲ အတည်ပြု နိုင်ခဲ့ပါတယ်။

အဆိုပါ စီမံကိန်းအား အသိပေး ညှိနှိုင်းအစည်းအဝေးကို (၇-၂-၂၀၁၉)ရက်နေ့မှ (၉-၂-၂၀၁၉) ရက်နေ့ထိလည်းကောင်း၊ တိုင်းဒေသကြီး

/ပြည်နယ်အဆင့် ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသား အာဟာရဖွံ့ဖြိုးမှု ဆိုင်ရာ ငါးနှစ်စီမံကိန်းရေးဆွဲရေးသင်တန်းကို (၂၉-၁၀-၂၀၁၉) ရက်နေ့ မှ (၃၁-၁၀-၂၀၁၉)ရက်နေ့ထိလည်းကောင်း နေပြည်တော်မှာ အသီးသီး ကျင်းပပြီးစီးခဲ့ပြီး ဖြစ်ပါတယ်။

ဒီအစည်းအဝေးများမှ အတွေ့အကြုံရလဒ်များ အကြံပြုချက် များကိုအခြေခံပြီး၊ ရခိုင်ပြည်နယ်အတွက် အာဟာရဖွံ့ဖြိုးရေးစီမံကိန်း ကို ဒီနေ့ဒီအချိန်မှာ ကဏ္ဍပေါင်းစုံကပါဝင်ညှိနှိုင်း ရေးဆွဲသွား ရမှာဖြစ်ပါတယ်။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်-(၄၃) မှာ အစိုးရအနေဖြင့် အာဟာရချို့တဲ့မှု ပြဿနာကို ဖြေရှင်းသွားနိုင်ရန် တပြည်နယ်လုံးအတွက် ဘက်စုံပြည့်စုံသော စီမံချက်တစ်ခုကို ဖော်ဆောင်သွားသင့်ပါတယ်လို့ ပါရှိပါတယ်။ ဒါ့ကြောင့် ဒီအလုပ်ရုံ ဆွေးနွေးပွဲကျင်းပပြီး ရခိုင်ပြည်နယ် အာဟာရဖွံ့ဖြိုးရေးအတွက် ငါးနှစ် စီမံကိန်းရေးဆွဲခြင်းဟာ ဒီအကြံပြုချက်ကိုလည်း အကောင်အထည် ဖော်ဆောင်ရာ ရောက်ပါတယ်။

ဒါကြောင့် ပြည်နယ်ရဲ့ အနာဂတ်ကောင်းမွန်ဖို့ ရည်မှန်းပြီး ဒီကနေ့ ကနဦးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးမှာ ဆက်စပ်ဌာနများမှ တက်ရောက်လာသူများက ကဏ္ဍအလိုက် အာဟာရနဲ့သက်ဆိုင်သော လုပ်ငန်းစဉ်များ လိုအပ်ချက်များကို ဆွေးနွေးညှိနှိုင်းပြီး၊ အောင်မြင်စွာ အကောင်အထည်ဖော် လက်တွဲဆောင်ရွက်သွားနိုင်ကြပါစေလို့ တိုက်တွန်း ဆန္ဒပြုရင်း နိဂုံးချုပ်ပါတယ်။